# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

February 14, 2020 Volume 28, Number 9


| ၁၄.၂.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၅၇၅/-US$ |
| မြန်မာ့ရွှေစျေး | = ၁၂၁၈၅၀၀/- ကျပ် |
| ဒေါ်လာစျေး | = ၁၄၄၄/- ကျပ် |
| CBM Rate | = ၁၄၄၆.၃ /ကျပ် |
| ယူရို တစ်ယူရို | = ၁၅၆၇.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၄၀.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၅.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၁၇.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၆.၉၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၇.၁၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၂၆၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၂.၃၁ ကျပ် |
| မလေးရှားရင်းဂစ် | =၃၄၉.၅၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၆.၄၂၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## 1st Myanmar Startup Show ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနတွင် မကြာမီကျင်းပမည်




1st Myanmar Startup Show ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလ (၁၄) ရက် နေ့လည်(၂)နာရီအချိန်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ဗဟိုဌာန (MITC) အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးအောင်စိုး၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ အပြည်ပြည်ဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များနှင့် ဌာနဆိုင်ရာများတက်ရောက်ကြသည်။

1st Myanmar Startup Show ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် ကျင်းပရေးအစီအစဉ်များကို တက်ရောက်လာကြသူများမှ အကြံပြုဆွေးနွေးကြသည်။ 1st Myanmar Startup Showကို မြန်မာနိုင်ငံတဝှမ်းမှ ပို့ကုန်မြှင့်တင်ရေး အထောက်အကူပြုကုန်ထုတ်လုပ်ငန်းများ၊ သွင်းကုန်အစားထိုး ထုတ်ကုန်များနှင့်ကုန်သွယ်မှုလုပ်ငန်း အထောက်အကူပြု နည်းပညာထုတ်ကုန်များကို ဖော်ထုတ်၍ ပံ့ပိုးကူညီနိုင်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနမှ ဦးဆောင်ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

အဆိုပါ ပြပွဲကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၆ ရက်နေ့ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ အထိ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (MITC) ဒုတိယထပ်ရှိ Multi Function Hall တွင်ကျင်းပပြုလုပ်မည်ဖြစ်ပြီး Startup လုပ်ငန်းရှင်များအတွက် အသိပညာပေးဆွေးနွေးပွဲများလည်းတပြိုင်တည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

Source: MITC News

## ကိုရိုနာဂယက်နှင့် ကျပ်ငွေတန်ဖိုးအတက်



တရုတ်နိုင်ငံတွင် အစပြုခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဒေသအတွင်း ငွေကြေးတန်ဖိုးများ ကျဆင်းလာပြီး ကျပ်ငွေတန်ဖိုးသည် အမြင့်ဆုံးနှုန်းသို့ ပြန်လည်ရောက်ရှိလာသည်။ တရုတ်ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် စင်ကာပူဒေါ်လာများသည် ငွေလဲနှုန်း၌ ကျပ်ငွေနှင့်နှိုင်းယှဉ်ပါက တစ်နှစ်မှ ၂ နှစ် အတွင်းအနိမ့်ဆုံးဈေးသို့ ကျဆင်းသွားသည်။ ကျပ်ငွေတန်ဖိုးမြင့်တက်လာခြင်းသည် အခြားငွေကြေးဈေးကျခြင်းကြောင့်ဖြစ်ပြီး မြန်မာ့စီးပွားရေး တိုးတက်ကောင်းမွန်လာ၍ ကျပ်ငွေတန်ဖိုးမာလာခြင်းမဟုတ်ဟု ကုန်သည်များ၊ ဘဏ်လုပ်ငန်းရှင်များနှင့် ငွေလဲလုပ်ငန်းရှင်များကဆိုသည်။

ပြည်တွင်း၌ နိုင်ငံခြားငွေကြေးများ ဈေးသတ်မှတ်ရာတွင် ဒေါ်လာကိုသာအခြေခံ၍ တွက်ချက်လဲလှယ်ကြခြင်းဖြစ်ပြီး ဒေါ်လာဈေးအတက်အကျသည် အခြားငွေကြေးများကို အနည်းနှင့်အများ သက်ရောက်မှုရှိသည်ဟု ၎င်းတို့ကဆိုသည်။ ထို့ပြင် သက်ဆိုင်ရာနိုင်ငံအလိုက် စီးပွားရေးရိုက်ခတ်မှုများကလည်း ငွေကြေးကျဆင်းမှုကိုဖြစ်စေသည်ဟုဆိုကြသည်။ ထိုင်းဘတ်ငွေသည် ၂၀၁၉ အောက်တိုဘာတွင် ၅၂ ကျပ်အထိ မြင့်တက်သော်လည်း ၂၀၂၀ ဖေဖော်ဝါရီတွင် တစ်ဘတ်လျှင် ၄၅ ကျပ်သို့ ပြန်လည်ကျဆင်းလာသည်။ တရုတ်ယွမ်ငွေသည်လည်း ၂၀၁၈ စက်တင်ဘာတွင် ၂၃၇ ကျပ်အထိ မြင့်တက်ခဲ့ပြီး ၂၀၂၀ ဖေဖော်ဝါရီတွင် တစ်ယွမ်လျှင် ၂၀၅ ကျပ်သို့ ကျဆင်းခဲ့သည်။ လွန်ခဲ့သည့် ၂ နှစ်အတွင်း အနိမ့်ဆုံးသို့ ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်။

စင်ကာပူ ဒေါ်လာသည်လည်း ၂၀၁၈ စက်တင်ဘာတွင် တစ်ဒေါ်လာလျှင် ကျပ် ၁,၂၀၀ အထိ မြင့်တက်ခဲ့သော်လည်း ယခုနှစ် ဖေဖော်ဝါရီတွင် ၁,၀၅၀ ကျပ်အထိ ပြန်လည်ကျဆင်းလာသည်။ ထိုနှုန်းသည် တစ်နှစ်ခွဲအတွင်း အနိမ့်ဆုံးဖြစ်သည်။ အမေရိကန်ဒေါ်လာဈေးသည်လည်း ၂၀၁၈ ဒီဇင်ဘာက တစ်ဒေါ်လာလျှင် ၁,၆၂၇ ကျပ်အထိ မြင့်တက်ခဲ့ပြီးနောက် ယခုနှစ် ဖေဖော်ဝါရီတွင် ၁,၄၃၈ ကျပ် အထိ ပြန်လည်ကျဆင်းခဲ့သည်။ ထိုနှုန်းသည် တစ်နှစ်ကျော်အတွင်း အနိမ့်ဆုံးဈေးကျဆင်းခြင်းဖြစ်သည်။ တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဝူဟန်မြို့အပါအဝင် မြို့ကြီးအချို့ကို သွားလာခွင့်ပိတ်ပင်သည့် ဇန်နဝါရီ ၂၃ ရက်ပိုင်းတွင် ပိုမိုကျဆင်းခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံက ဗိုင်းရပ်စ်စတင်ပြန့်ပွားလာသည့် တစ်လကျော် တွင်း ထိုင်းဘတ်ငွေသည် ၁၀ ရာခိုင်နှုန်း၊ တရုတ်ယွမ်ငွေသည် ၃ ဒသမ ၇ ရာခိုင်နှုန်း၊ စင်ကာပူဒေါ်လာသည် ၃ ဒသမ ၆ ရာခိုင်နှုန်းနှင့် အမေရိကန်ဒေါ်လာသည် ၂ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ထိုသို့ ငွေကြေးများကျဆင်းရခြင်းမှာ ထိုနိုင်ငံများတွင် ဗိုင်းရပ်စ်ကြောင့်ဖြစ်ပြီး ဒေါ်လာဈေးကျဆင်းခြင်းမှာ ကုန်သွယ်မှုရပ်တန့်ခြင်းကြောင့်ဖြစ်သည်ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးစိုင်းဝင်းကပြောသည်။ "ကုန်သွယ်မှုရပ်တော့ ဒေါ်လာရော တခြားနိုင်ငံခြားငွေကော မလိုဘူးလေ။ ဒါကြောင့်ဈေးကွက်ထဲမှာ ဒေါ်လာကပေါနေတာ"ဟု ၎င်းကမှတ်ချက်ပေးသည်။

ငွေကြေးတန်ဖိုးကျဆင်းခြင်းသည် နိုင်ငံအလိုက်ဖြစ်နေသည့်ပြဿနာများကြောင့်ဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေး ရပ်တန့်နေခြင်းကြောင့်ဖြစ်သည်ဟု ကမ္ဘောဇဘဏ်အကြီးတန်းအကြံပေး ဦးသန်းလွင်ကပြောသည်။ "စီးပွားရေးကောင်းလာလို့ ကျပ်ငွေတန်ဖိုးတက်တာမဟုတ်ပါဘူး။ ပတ်ဝန်းကျင်နိုင်ငံတွေနဲ့ ပို့ကုန်သွင်းကုန်တွေ ရပ်ဆိုင်းနေတယ်။ ဝယ်လို့လည်းမရတော့ သုံးစရာမလိုလို့ ဈေးကျတာပါ"ဟု ဦးသန်းလွင်ကဆိုသည်။ ထို့ပြင် ဒေါ်လာဈေးဆက်လက်ကျဆင်းနိုင်သည်ဟု သံသယဖြင့် ဒေါ်လာများထုတ်ရောင်းခြင်းကြောင့် ဈေးဆက်တိုက်ကျဆင်းနေခြင်းဖြစ်ပြီး ထိုင်းဘတ်ငွေသည်လည်း အမြင့်ဈေးမှ စီးပွားရေးမကောင်း၍ ပြန်လည်ကျဆင်းခြင်းလည်းဖြစ်သည်ဟု ၎င်းကဆိုသည်။ ငွေကြေးတန်ဖိုးများကျဆင်းခြင်းသည် တစ်ကမ္ဘာလုံးတွင်ဖြစ်နေခြင်းဖြစ်သည်ဟု ပို့ကုန်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးမျိုးညွန့်ကပြောသည်။ "ကျတာတော့ ကျပါတယ်။ ငွေကြေးဈေးကွက်မှာတော့ အတက်အကျတော့ရှိပါတယ်။ အခုကျတာကလည်း ရာခိုင်နှုန်းအရ သိပ်ဆိုးဆိုးရွားရွား ကျဆင်းတာမဟုတ်သေးဘူး"ဟု ဦးမျိုးညွန့်ကဆိုသည်။ ဒေါ်လာဈေးကျဆင်းနေခြင်းကြောင့် ၂၀၂၀ တွင် ဇန်နဝါရီ ၁ ရက်မှစတင်ပြီး

ဖေဖော်ဝါရီ ပထမသီတင်းပတ်အတွင်း ဇဟိုဘဏ်က ဒေါ်လာသန်း ၅၀၀ ခန့်ဝယ်ယူခဲ့သည်ဟု ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေ၊ အထူးသဖြင့် ဒေါ်လာလိုအပ်ချိန်သည် ရာသီအလိုက်အပြောင်းအလဲရှိသည်ဟု လုပ်ငန်းရှင်များကဆိုသည်။ တစ်နှစ်တာအတွင်း ဇူလိုင်မှဒီဇင်ဘာသည် နိုင်ငံခြားငွေလိုအပ်ချက်မြင့်မားသည့်ကာလဖြစ်သည်ဟု ၎င်းတို့ကဆိုသည်။ ယခုကာလသည် ပို့ကုန်နိုင်ငံခြားငွေများ ပြည်တွင်းသို့ပြန်လည်ဝင်ရောက်လာချိန်ဖြစ်၍ ဒေါ်လာအပါအဝင် နိုင်ငံခြားငွေလိုအပ်ချက် နည်းပါးသည့်ကာလဖြစ်သည့်အပြင် ကိုရိုနာဗိုင်းရပ်စ်ကြောင့်ကုန်သွယ်မှုရပ်ကာ နိုင်ငံခြားငွေလိုအပ်ချက် ပိုမိုနည်းပါးရခြင်းဖြစ်သည်ဟုဆိုသည်။ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၃၅ ဘီလီယံဖြစ်ပြီး ပို့ကုန်သည် ၁၇ ဘီလီယံနှင့်သွင်းကုန် ၁၈ ဘီလီလံရှိသည်။ ကုန်သွယ်မှုလိုငွေသည် ဒေါ်လာတစ်ဘီလီယံကျော်ရှိသည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေသည် လေးဘီလီယံကျော်ရှိသည်။ ထို့ကြောင့် ကုန်သွယ်မှုလိုငွေတွင်လည်း နည်းပါးသည့်ကာလလည်းဖြစ်သည်။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုတွင် မူဆယ်၊ ချင်းရွှေဟော်နှင့် ကန်ပိုက်တီးတို့သည် အကြီးမားဆုံး နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည်။ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းသည် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံ ကုန်သွယ်ထားသည်။ ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်မှုတွင်လည်း နဘုလယ်၊ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မြဝတီ ကုန်သွယ်ရေး စခန်းများသည် အကြီးမားဆုံးဖြစ်ပြီး နဘုလယ်၊ ထီးခီးသည် ပြီးခဲ့သည့်ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၂ ဘီလီယံခွဲဖိုး ကုန်သွယ်ထားနိုင်သည်။ ထိုနယ်စပ်ကုန်သွယ်ရေး စခန်းများသည် မြန်မာနိုင်ငံ၏ အကြီးမားဆုံးကုန်သွယ်ရေးစခန်း ဖြစ်ပြီး မြဝတီမှအပ ကျန်နယ်စပ် စခန်းများသည် ပို့ကုန်အများဆုံး ဖြစ်သည်။ ထို့ကြောင့် နိုင်ငံခြား ငွေရရှိသည့်စခန်းများဖြစ်သည်။

လက်ရှိ နိုင်ငံခြားငွေများ ဈေးကျဆင်းခြင်းသည် ကုန်သွယ်မှုကိုထိခိုက်နိုင်သော်လည်း သက်ရောက်မှုမကြီးနိုင်ကြောင်း ဦးမျိုးညွန့်ကဆိုသည်။ ထို့အတွက် လုပ်ငန်းရှင်များက ခန့်မှန်းတွက်ချက်ထားပြီး ဖြစ်နိုင်သည်ဟုဆိုသည်။ ထိုသို့ နိုင်ငံခြားငွေများကျဆင်းခြင်းကို ဇဟိုဘဏ်ကထိန်းရန် ဒေါ်လာများကို ဝယ်ယူနေ၍ ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ဦးသန်းလွင်ကဆိုသည်။ သို့သော်လည်း ကုန်သွယ်မှုတွင်ကျပ်ငွေတန်ဖိုးတက်ခြင်း၊ ကျခြင်းအစား တည်ငြိမ်မှုကိုပိုမိုလိုလားသည်ဟု လုပ်ငန်းရှင်များကဆိုသည်။ လက်ရှိတွင် ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကိုမထိန်းနိုင်ဘဲ အချိန်ကြာမြင့်မည်ဆိုပါက မြန်မာသာမက ဒေသတွင်းစီးပွားရေးကို ကြီးမားစွာသက်ရောက်မည်ဟု ၎င်းတို့ကမှတ်ချက်ပေးသည်။ ယခုအချိန်သည် ဒေါ်လာနှင့်ကျပ်ငွေလဲလှယ်နှုန်းတွင် ကျပ်ငွေတန်ဖိုးက တစ်နှစ်ကျော်အတွင်း အမာဆုံးအချိန်ဖြစ်သည်။

**Source:** https://7day.news/-178518

## မုံရွာကြက်သွန်နီဈေးကွက် အတက်ဘက်သို့ဦးတည်



အကျဈေးဘက်သို့ဦးတည်နေသော ကြက်သွန်နီဈေးသည် လက်ရှိအချိန်တွင် အတက်ဘက်သို့ ပြန်လည်ဦးတည်နေကြောင်း မုံရွာကြက်သွန်နီဈေးကွက်မှသိရသည်။ "အခုက စပ်ကူးမပ်ကူးကာလ\ဖြစ်နေတယ်။ စိုက်တာကစိုက်၊ ထွက်တာကထွက်ပေါ့။ ဇန်နဝါရီလကတည်းက ကြက်သွန်နီဈေး ကျပ် ၁,၀၀၀ အောက် ကျသွားတယ်။ အခု ဖေဖော်ဝါရီလမှာ ကျပ် ၁ယ၀၀၀ အထက်ပြန်တက်လာတယ်။ အမျိုးအစားပေါ်မူတည်ပြီး ကျပ် ၁,၂၀၀ ကနေ ၁,၅၀၀- ၁,၆၀၀ ဈေးအထိဖြစ်နေတယ်။ တရုတ်က ဒီရက်ပိုင်းမှာဝယ်ဖို့ လှမ်းမေးစုံစမ်းတာလောက်ရှိသေးတယ်။ လက်တွေ့က ဈေးနှုန်းနဲ့ပစ္စည်းကြိုက်မှဝယ်ကြမှာပါ"ဟု မုံရွာမြို့ကြက်သွန်တန်းမှ ပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။ မုံရွာကြက်သွန်နီဈေးကွက်သို့ မုံရွာမြို့၏အရှေ့ဘက်နှင့် မြောက်ဘက်ကျေးရွာများမှ ကြက်သွန်နီများ အပို့များနေပြီး ချင်းတွင်းမြစ်တစ်လျှောက် မြို့ရွာများက အဝယ်များနေသည့်အတွက် ရေလမ်းမှပို့ဆောင်ရောင်းချရမှုများနေကြောင်းသိရသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာလမှစတင်ကာ တရုတ်နိုင်ငံမှ တရုတ်နှစ်သစ်ကူးကာလနှင့် တရုတ်နိုင်ငံတွင် ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် အဝယ်ရပ်တန့်ထားရာမှ ယခုအခါပြန်လည်ဝယ်ယူနေကြောင်း မန္တလေးမှလာသော သတင်းများ အရ သိရသည်။ "တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာရှိတဲ့ ကြက်သွန်နီတွေကို နှစ်တစ်နှစ်ရဲ့ ဖေဖော်ဝါရီလကနေ ဩဂုတ်လအထိ ဝယ်ယူလေ့ရှိကြတယ်။ လာမယ့်မတ်လလောက်ကစပြီး နယ်စုံကကြက်သွန်များများထွက်တော့မှာဖြစ်တဲ့အတွက် ကြက်သွန်နီ ဈေးက တဖြည်းဖြည်းကျတော့မှာပါ။ ဧပြီလကုန်လောက်မှာ အခြေခံကြမ်းခင်းဈေး ကျပ် ၁၀၀၀ အောက်အထိ ရောက်သွား မယ်လို့ ထင်ပါတယ်"ဟု ကြက်သွန်နီကုန်သည်တစ်ဦးကပြောသည်။

**Source:** https://myanmar.mmtimes.com/news/135294.html

## ဆန်အရောင်းအဝယ်စာချုပ်အရမဖြစ်မနေ ပြည်ပသို့တင်ပို့ရမည့်ကုန်သည်များက လက်ရှိတွင်ဆန်ဝယ်ယူမှုများနေသဖြင့် ပြည်တွင်းဆန်ကြမ်းဈေး အနည်းငယ်မြင့်တက်လာဟုဆို



ဆန်အရောင်းအဝယ်စာချုပ်အရ မဖြစ်မနေပြည်ပသို့ ဆန် တင်ပို့ ရမည့်ကုန်သည်များက လက်ရှိတွင် ဆန်ဝယ်ယူမှုများနေ သဖြင့် ပြည်တွင်းဆန်ကြမ်းဈေးနှုန်း အနည်းငယ်မြင့်တက် လာကြောင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်မှသိရသည်။ ပြည်တွင်း ဆန်ကြမ်း ဈေးနှုန်းသည် ယခင်ကထက် လက်ရှိတွင် ဆန်တစ်အိတ် လျှင် တစ်ထောင်ကျပ်မြင့်တက်ခဲ့ကြောင်း ဘုရင့်နောင် ဆန်ဈေးကွက်မှသိရသည်။ "ဆန်ဈေးက ဘယ်လိုပြောရမလဲ ဆိုတော့ ၂၅ မှတ်တို့ ဘာတို့က အရင်ရက်ကထက်စာရင် တစ်အိတ်ကို တစ်ထောင်လောက် တက်သွားတယ်။ ဒါတွေက ငွေဈေးကကျပြီး ဆန်ဈေးကတက်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ သဘော်တွေရောင်းထားတဲ့သူတွေက စာချုပ်တွေက မဖြစ်မနေဝယ်တင်ရတယ်။ ဆန်ကမပေါ်သေးဘူး။ မိုးဆန်ကလည်း ပစ္စည်းနည်းသွားပြီပေါ့နော်။ ဈေးကိုင်ထားတဲ့သူတွေ လက်ထဲမှာပဲရှိတော့ ဈေးက ခေါ်ရောင်းတဲ့ဈေးကို လိုက်ဝယ်ပေးနေရတယ်။ လိုအပ်ချက်များတဲ့သူပဲဝယ်ရတာပေါ့။ ဒါပေမဲ့ မြတ်လို့လားဆိုတော့လည်းမမြတ်ဘူး။ အရှုံးခံဝယ်နေတာ။ အခု Export ပို့တဲ့သူတွေက ရမ်းရောင်းတယ်။ စာချုပ်တွေ ရမ်းချုပ်တယ်။ ဒီဘက်မှာ ဆန်ထွက်တဲ့ရာသီလား၊ ဘယ်အချိန်မှာ ဘာထွက်တယ်ဆိုတာ သူတို့သေချာမသိဘူး။ အဲဒီလို အလွဲတွေပေါ့။ ဒီဇင်ဘာ၊ ဇန်နဝါရီမှာတင်မယ့် သဘော်တွေက ဖေဖော်ဝါရီကိုဆုတ်လာတယ်။ အဲဒီအချိန်မှာ နွေဆန်က မပေါ်သေးဘူး။ မိုးဆန်ကကုန်ပြီ၊ အဲဒီလိုဖြစ်နေတာ" ဟု ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်အတွင်းရေးမှူး ဦးသန်းဦးက ပြောကြား သည်။

လက်ရှိတွင် ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်၌ ဆန်ကြမ်းဆန်ဈေးနှုန်းများမှာ ဆန်တစ်အိတ်လျှင် ကျပ် ၁၉၀၀၀ မှ ၂၂၀၀၀ ကျပ်အကြားနှင့် ဆန်ကွဲတစ်အိတ်လျှင် ၁၄၅၀၀ ကျပ်မှ ကျပ် ၁၇၀၀၀ အကြားရှိကြောင်းသိရသည်။ "ဈေးနှုန်းတွေက ၂၅ မှတ်ဆန်က ၁၉၀၀၀ လောက် ရောင်းရတယ်။ ၁၅ မှတ်ဆန်တွေက ၂၀၀၀၀ ဝန်းကျင်ရောင်းရတယ်။ ၅ မှတ်ဆန် တွေက ၂၂၀၀၀ ဝန်းကျင်ရောင်းရတယ်။ ဆန်ကွဲအကြီးက ၁၇၀၀၀၊ ဆန်ကွဲအလတ်က ၁၆၀၀၀ ဆန်ကွဲအသေးက ၁၄၅၀၀ လောက် ရောင်းရတယ်" ဟု ဦးသန်းဦးက ဆိုသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်ကြမ်းအမျိုးအစားကို အဓိကတင်ပို့နေပြီး ဆန်ချော(ပေါ်ဆန်းမွှေး) စသည်တို့ကို ပြည်တွင်း၌ အဓိကစားသုံးနေခြင်းဖြစ်သည်။ လက်ရှိတွင် ဘုရင်နောင်ဆန်ကုန်စည်ဒိုင်သို့ ဆန်နှင့်ဆန်ကွဲဝင်ရောက်မှု လျော့နည်းနေပြီး တစ်ရက်လျှင် ဆန်နှင့်ဆန်ကွဲ စုစုပေါင်းအိတ်အရေအတွက် ငါးသောင်းဝန်းကျင်ခန့်သာ ဝင်ရောက်လျက် ရှိကြောင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်မှသိရသည်။ "ဆန်က အဝင်နည်းနည်းပါးသွားတယ်။ ဆန်ရော ဆန်ကွဲအရောပေါ့နော်။ တစ်ရက်ကို အိတ်အရေအတွက် ငါးသောင်းဝန်းကျင်လောက်ပဲဝင်တယ်" ဟု အတွင်းရေးမှူး ဦးသန်းဦးက ပြောကြားသည်
ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်သို့ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့နှင့်အနောက်၊ ရန်ကုန်တိုင်းဒေသကြီး

စသည့်ဒေသများမှ ဆန်နှင့်ဆန်ကွဲများ အဓိက ဝင်ရောက်နေခြင်းဖြစ်ကြောင်း သိရသည်။ ပဲခူး၊ ဧရာဝတီနှင့်ရန်ကုန်တိုင်းများ၌ နိုင်ငံတော်ရန်ပုံငွေဖြင့် စပါးဝယ်ယူရန်ဆောင်ရွက်လျက်ရှိပြီး ပဲခူးတိုင်းအတွက် ကျပ်ရှစ်ဘီလျံနှင့် ဧရာဝတီတိုင်းအတွက် ကျပ်ငါးဘီလျံလျာထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးက နိုဝင်ဘာလဆန်းပိုင်းကပြောကြားသည်။

၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၁၇ ရက်အထိ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၀၄၇ သန်း အထိတင်ပို့ထားပြီး ဝင်ငွေဒေါ်လာ ၃၀၀ ဒသမ ၃၆၆ သန်းရရှိထားကြောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည်။ အဆိုပါကာလအတွင်း နိုင်ငံပေါင်း ၅၆ နိုင်ငံသို့ ဆန်တန်ချိန် ခုနစ်သန်းကျော် တင်ပို့မှုဝင်ငွေ ဒေါ်လာသန်း ၂၂၀ နီးပါး ရရှိထားသည်။ ထို့အတူ နိုင်ငံပေါင်း ၄၅ နိုင်ငံသို့ ဆန်ကွဲတန်ချိန် သုံးသိန်းကျော်တင်ပို့မှုမှ ဒေါ်လာ သန်း ၈၀ ကျော်ရရှိထားသည်။

**Source:** https://news-eleven.com/article/159334

## စင်ကာပူသို့ ဖရဲသီးတင်ပို့နိုင်ရန် စီးပွားရေးသံမှူးများဖြင့် ဆွေးနွေး

စင်ကာပူနိုင်ငံသို့ ဖရဲသီးတင်ပို့ရောင်းချနိုင်ရန် စီးပွားရေးသံမှူးများဖြင့် ဆွေးနွေးလျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးမျိုးတင့်ထွန်းကပြောသည်။ တရုတ်နိုင်ငံတွင် ဖြစ်ပွားနေသည့် အရေးပေါ် ကျန်းမာရေး အခြေအနေများကြောင့် ကုန်သွယ်ရေးလမ်းကြောင်း ပိတ်ထားသည့်အတွက် တရုတ်သို့ အချို့ တင်ပို့ရောင်းချရန် ရည်ရွယ်၍ စိုက်ပျိုးထားသည့် ဖရဲသီးများ မြန်မာနိုင်ငံတွင် ပိုလျှံနေသည်။



ယင်းအခြေအနေကို ဖြေရှင်းနိုင်ရန် ဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး လက်ရှိတွင် ညှိနှိုင်းနေဆဲ ဖြစ်ကြောင်း ၎င်းက ဆိုသည်။ "ရန်ကုန်မှာလည်း ဈေးဖွင့်ပြီး ရောင်းချနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ စည်ပင်နဲ့ ဝန်ကြီးဌာနပိုင် မြေနေရာတွေကို လိုအပ်ရင် အသုံးပြုဖို့လည်း ဖရဲ၊ သခွားအသင်းတွေကို ပြောထားပါတယ်။ အခု စင်ကာပူစီးပွားရေးသံမှူးနဲ့ ချိတ်ဆက်ဆွေးနွေးပြီး တင်ပို့ရောင်းချနိုင်ဖို့လည်း စီစဉ်နေပါတယ်"ဟု ဦးမျိုးတင့်ထွန်းကဆိုသည်။ လက်ရှိတွင် စင်ကာပူနိုင်ငံမှ ဖရဲသီးမှာယူမှုသည် ပြည်တွင်းထွက်ရှိမည့် ဖရဲသီးပမာဏနှင့်နှိုင်းယှဉ်ပါက နည်းပါးနေသေးကြောင်း ဖရဲသီးနှင့် သခွားသီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးနိုင်ဝင်းက ပြောသည်။ ပြည်တွင်း ဖရဲသီးစားသုံးမှုတိုးမြင့်လာစေရန် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၂ ရက်အထိ မြန်မာ့ဖရဲ၊ သခွားမွှေးပွဲတော်ကို ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်တွင် မြန်မာနိုင်ငံမှထွက်ရှိသည့် ဖရဲ၊ သခွားမွှေးမျိုးစုံကို ခင်းကျင်းပြသရန် စီစဉ်ထားကြောင်းလည်း ဖရဲသီးနှင့်သခွားသီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းထံမှသိရသည်။

ပွဲတော်ကို ရန်ကုန်မြို့ မြေပဒေသာကျွန်းတွင် ကျင်းပသွားမည်ဖြစ်ပြီး အရေအတွက်များများ ဝယ်ယူသူများအတွက် အိမ်အရောက်ပို့ဆောင်စနစ်လည်း စီစဉ်ထားသည့်အတွက် အများပြည်သူအနေဖြင့် ပွဲတော်သို့လာရောက်ရန် အသင်းက ဖိတ်ခေါ်ထားသည်။ လက်ရှိ ပြည်တွင်းဖရဲသီးပေါက်ဈေးမှာ သီးနှံအရည်အသွေးနှင့် အရွယ်အစားပေါ်မူတည်၍ ကျပ် ၈၀၀ မှ ကျပ် ၃၅၀၀ အထိ ပေါက်ဈေးရှိနေသည်။

**Source:** https://myanmar.mmtimes.com/news/135251.html

## နှမ်းနက်ကို အများဆုံးဝယ်ယူနေသည့် ဂျပန်နိုင်ငံက အရည်အသွေးကို ပိုမိုကန့်သတ်လာ



မကွေးတိုင်းဒေသကြီးထွက် စမုန်နှမ်းနက်ကို အများဆုံးဝယ်ယူနေသည့် ဂျပန်နိုင်ငံက ဓာတ်ကြွင်းပါဝင်နှုန်းကို ပိုမို စိစစ်လာပြီး အရည်အသွေးကို ပိုမိုကန့်သတ်လာသည့်အတွက် ဈေးကွက် ရရှိရန်ခက်ခဲလာကြောင်း နှမ်းကုန်သည်များက ပြောသည်။ အောင်လံမြို့နယ် ကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးအောင်မိုးက "ဂျပန်က နှမ်းမှာ ပါဝင်ရမယ့် ပိုးသတ်တဲ့ လုပ်ငန်းတစ်ခုကို သုည ဒသမ၂ ရာခိုင်နှုန်း သတ်မှတ်ထားတာကနေ အခုဆိုရင် သုည ဒသမ ၁ ရာခိုင်နှုန်းအထိ လျှော့ချသတ်မှတ်လိုက်တယ်။ အစိုဓာတ်မများရဘူး။ ခြောက်သွေ့ရမယ်။ ပိဿာချိန်စီးရမယ်။ ဒီလိုတွေကန့်သတ်လာတယ်။ နောက် ဂျီအေပီနှမ်းတွေကို ဦးစားပေးဝယ်ယူလာတယ်။ ဒီလိုတွေ တောင်းဆိုလာပေမယ့် ဈေးနှုန်းကတော့ ပြောင်းလဲမပေးဘူး။ တရုတ်ကတော့ ဒီလိုမဟုတ်ဘူး။ ဓာတ်ကြွင်းကန့်သတ်ချက်မထားသလို ဈေးကွက်ပေါက်ဈေးအတိုင်းပေးဝယ်တော့ တရုတ်ကိုပဲအားထားပို့ ေရတယ်။ ဂျပန်ကုမ္ပဏီဖြစ်တဲ့ မစ်ဆူဘီရှီဆိုရင် နှမ်းပေါ်ချိန်ရောက်တိုင်း မကွေးကကုန်သည်၊ တောင်သူတွေနဲ့ လာလာတွေ့ပေမယ့် သူတို့ဘက်က ကန့်သတ်ချက်တွေ များနေတော့ အများကြီးအလုပ်မဖြစ်လာဘူး"ဟု ပြောသည်။

မကွေးတိုင်းဒေသကြီး၌ ဂျီအေပီနည်းဖြင့်စိုက်ပျိုးထားသည့် နှမ်းစိုက်ကေငါးသောင်းကျော် စိုက်ပျိုးရန်ရှိသလို အောင်လံမြို့နယ်တွင် ဧက ၅၀၀၀ခန့် စိုက်ပျိုးထားကြောင်းသိရသည်။ "ဂျပန်က ဂျီအေပီနည်းနဲ့ စိုက်တိုင်းတော့ ဈေးကောင်းပေးဝယ်မှာ မဟုတ်ပါဘူး။ အရည်အသွေးကောင်းမှသာ ဈေးကောင်းရမှာပါ။ ကုန်စည်ဒိုင်မှာ မြို့နယ်အတွင်း ဂျီအေပီနဲ့စိုက်တဲ့ တောင် သူစာရင်းတွေ ရှိတယ်။ ဒါနဲ့ တိုက်ဆိုင်စစ်ဆေး ပြီးမှ ဝယ်ယူတာပေါ့" ဟု ဦးအောင်မိုးက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံထွက် နှမ်းနက်ကို ဂျပန်နိုင်ငံသို့တင်ပို့ရာတွင် ဓာတုဓာတ်ကြွင်းပါဝင်နေမှု လျှော့ချနိုင်ရေးအတွက် နည်းပညာအကူအညီရရှိရေး ဆွေးနွေးထားကြောင်းလည်း သိရသည်။ ဂျပန်နိုင်ငံက အာဖရိကနှင့် မြန်မာမှ ထွက်ရှိသည့် နှမ်းကို ဦးစားပေး ဝယ်ယူသော်လည်း ဆီထွက်နှုန်းနှင့် အရည်အသွေးပိုကောင်းမွန်သည့် မြန်မာ့နှမ်းနက်ကို ပိုမို ကြိုက်နှစ်သက်ကြောင်း မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ နှမ်းကုန်သည် ဦးမျိုးအောင်ကပြောသည်။ "မြန်မာ့နှမ်းက ဆီထွက်ရှိမှု ၅၄ ရာခိုင်နှုန်း ရှိနေတယ်။ ဒါပေမယ့် အက်စစ်ဓာတ်ပါဝင်နှုန်းတော့များတယ်။ အာဖရိကနိုင်ငံတွေက ထွက်တဲ့နှမ်းကတော့ ရိတ်သိမ်းချိန်မှာ အစိုဓာတ် နည်းတဲ့အတွက် အက်စစ်ဓာတ် သုည ဒသမ ၅ ရာခိုင်နှုန်း လောက်ပဲ ပါဝင်တယ်။ မြန်မာက မိုးနှမ်းတွေ ရိတ်သိမ်းချိန် အစိုဓာတ်များတဲ့အတွက် အက်စစ် ပါဝင်မှုဟာ ၁ ရာခိုင်နှုန်းကနေ ၂ ရာခိုင်နှုန်းအထက်အထိ ပါဝင်တော့ ဒါကို လျှော့ချဖို့ ဆိုရင် ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ထိန်းသိမ်းဆောင်ရွက်ဖို့ လိုအပ်တယ်"ဟု ၄င်းက ပြောသည်။

လက်ရှိ နှမ်းမျိုးစုံ ဈေးကွက်အတွင်း နှမ်းနက် (စမုန်) ၄၅ပိဿာဝင် တစ်အိတ်လျှင် ကျပ် ၁၈၀၀၀၀မှ ၂၀၀၀၀၀ ကြား၊ ဂျီအေပီနှမ်းတစ်အိတ်လျှင် ကျပ် ၂၀၀၀၀၀ ကျော်၊ နှမ်းဖြူတစ်အိတ်လျှင် ကျပ် ၁၁၈၀၀၀၊ နှမ်းနီ တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ နှမ်းညို တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀ ခန့် အသီးသီး ရှိနေသည်။

**Source: The Farmer Media.**

https://www.facebook.com/myanmaawba/?ref=page_internal

## အီးယူက မြန်မာကို ကုန်သွယ်မှုအထူးအခွင့်အရေး ဆက်ပေးထားမည်

ဥရောပသမဂ္ဂ (အီးယူ) သည် မြန်မာကို ကုန်သွယ်ရေးအထူးအခွင့်အရေး GSP ဆက်လက်ပေးထားဦးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၀ ရက်က ထုတ်ပြန်ခဲ့သည်။ ဥရောပသမဂ္ဂသည် **GSP** ကို ဖွံ့ဖြိုးမှုနည်းသော နိုင်ငံများကို ပေးအပ်ခြင်းဖြစ်သည်။ အဆိုပါနိုင်ငံများသည် လက်နက်မှလွဲ၍ ကုန်စည်အမည်(အမယ်)များအားလုံးကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ အကောက်ခွန်ကင်းလွတ်၍ တင်ပို့နိုင်သည့် ကုန်သွယ်ရေးဆိုင်ရာ အထူးအခွင့်အရေးကိုရရှိခြင်းဖြစ်သည်။ ဥရောပသမဂ္ဂက ထုတ်ပြန်သော အစီရင်ခံစာအရ မြန်မာနိုင်ငံသို့ ကုန်သွယ်ရေးအထူးအခွင့်အရေး ဆက်လက်ပေးထားမည်ဖြစ်သော်လည်း

လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေးနှင့် နိုင်ငံတွင်းဖြစ်ပွားနေသောအရေးများကို စောင့်ကြည့်လေ့လာနေဦးမည် ဖြစ်သည်။ နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ဥရောပသမဂ္ဂတို့သည် မြန်မာနိုင်ငံ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်ပွားနေသော လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်ခံရမှုများကို အဓိက စိုးရိမ်ခဲ့ပြီးနောက် GSP တွင် အကျုံးဝင် သော လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများအပေါ်တွင် မြန်မာနိုင်ငံ၏ လိုက်နာဆောင်ရွက်မှု အခြေအနေကို စောင့်ကြည့်သုံးသပ်ခြင်းကို ပြီးခဲ့သည့်နှစ်များအတွင်း စတင်လုပ်ဆောင်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် ဥရောပသမဂ္ဂက စိုးရိမ်သော အရေးများတွင် အပြုသဘောဆောင်သော တုံ့ပြန်မှုများ ပြုလုပ်ခဲ့သည်ဟု ဥရောပ သမဂ္ဂ၏ နောက်ဆုံးထုတ်အစီရင်ခံစာက သုံးသပ်ခဲ့သည်။ အစီရင်ခံစာသည် မြန်မာနှင့်ဥရောပသမဂ္ဂတို့ ပူးပေါင်းတိုးမြှင့်လုပ်ဆောင်ရမည့် ကဏ္ဍများစွာကို ထုတ်ပြန်ခဲ့ပြီး အထူးသဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိရန်၊ အမုန်းစကား တိုက်ဖျက်ရန်၊ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် လူ့အခွင့်အရေးအပြည့်အဝရရှိရန်၊ အလုပ်သမားအခွင့်အရေးနှင့်စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန်စသည်တို့ဖြစ်သည်။ "မြန်မာက အလုပ်သမားအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေးနဲ့ နိုင်ငံတကာတန်ဖိုးထားတဲ့ စံနှုန်းတွေမှာ အပြုသဘောဆောင်တဲ့ တိုးတက်မှု ပြသခဲ့တယ်ဆိုတာ အစီရင်ခံစာက ဖော်ပြခဲ့တယ်။ ဆက်လက်ပြီးလည်း ဥရောပသမဂ္ဂအနေနဲ့ မြန်မာကို အစီရင်ခံစာမှာဖော်ပြထားတဲ့ ပူးပေါင်းလုပ်ဆောင်ရန် တိုးမြှင့်ဖို့လိုတဲ့ရေးယာတွေမှာ ဆက်လက်အားထုတ်လုပ်ဆောင်သွားဖို့တိုက်တွန်းပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး ခရစ္စရှန်ရှမစ်က မြန်မာတိုင်း(မ်)သို့ပြောသည်။

ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံ၏အခြေအနေနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်မှုများကို လုပ်ဆောင်ဦးမည်ဖြစ်ပြီး၊ လေ့လာသုံးသပ်မှုပြီးနောက် နောက်ထပ်အဆင့်များအတွက် ဆုံးဖြတ်ချက်များကိုချမှတ်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ကုန်သွယ်ရေးအထူးအခွင့်အရေး GSP ကို ၂၀၁၃ တွင် ခံစားခွင့်ရရှိခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မြန်မာနိုင်ငံမှ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ပို့ကုန်တင်ပို့မှုသည် ၁၀ ဆကျော်မြင့်တက်ခဲ့သည်။ မြန်မာနိုင်ငံမှ ဥရောပနိုင်ငံများသို့ အဝတ်အထည်အဓိကတင်ပို့ခြင်းဖြစ်ပြီး တင်ပို့မှုစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းရှိသည်။ လူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာအရေးများဖြင့် ဥရောပသမဂ္ဂ၏ စောင့်ကြည့်အကဲဖြတ်ခြင်းခံခဲ့ရသည့် ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယားနှင့် မြန်မာတို့အနက် ကမ္ဘောဒီးယားသည် ကုန်သွယ်ရေး အထူးအခွင့်အရေး GSP ခံစားခွင့်ကို ရုတ်သိမ်းခြင်း ခံခဲ့ရပြီး မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့မှာမူ ကုန်သွယ်ရေး အထူးအခွင့်အရေးကို ဆက်လက်ရရှိနေဦးမည် ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/135249.html

## အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းခွင့်ပြုသည့် မူဝါဒ

အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံအား စိုက်ပျိုးထုတ်လုပ်နိုင်မှုပမာဏထက် စားသုံးမှုပမာဏက ပိုမိုလျက်ရှိရာ ပြည်တွင်းဈေးကွက်လိုအပ်ချက်အား ဖြည့်ဆည်းရန်အတွက် အိန္ဒိယလူမျိုးများ အဓိကစားသုံးသည့် ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲလုံးနှင့် ပဲနီလေးစသည့် ပဲအမျိုးအစားများကို ဩစတေးလျ၊ ကနေဒါ၊ တူရကီ၊ မြန်မာနှင့် အာဖရိကဒေသရှိနိုင်ငံများထံမှ နှစ်စဉ်တင်သွင်းလျက်ရှိပါသည်။ သို့ရာတွင် ပြည်တွင်း၌ နှစ်အလိုက်ရာသီဥတုကောင်းမွန်မှုနှင့် စိုက်ပျိုးထုတ်လုပ်မှုပမာဏ အတက်အကျ အခြေအနေတို့အပေါ်မူတည်၍ ပြည်တွင်းရှိထုတ်လုပ်သူများအား အကာအကွယ်ပေးရန်နှင့် ဈေးနှုန်းတည်ငြိမ်မှုကို ထိန်းသိမ်းနိုင်စေရန်အတွက် အိန္ဒိယအစိုးရသည် ပဲစိုက်ပျိုးထုတ်လုပ်တင်ပို့သည့် နိုင်ငံအချို့နှင့်ပဲဝယ်ယူမှုဆိုင်ရာ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ များ လက်မှတ်ရေးထိုး၍ တင်သွင်းခြင်း၊ ၂၀၁၅-၂၀၂၀ နိုင်ငံခြားကုန်သွယ်မှုမူဝါဒအရ ၂၀၁၇ ခုနှစ်မှ စတင်၍ ပဲမျိုးစုံအား ကန့်သတ်တင်သွင်းကုန်စည်အဖြစ် သတ်မှတ်၍ ဘဏ္ဍာနှစ်အလိုက် ကိုတာ (Quota) ခွဲတမ်းစနစ်ဖြင့် ပြည်တွင်းလုပ်ငန်းရှင်များအား တင်သွင်းစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပဲစင်းငုံတန်ချိန် ၂ သိန်း၊ မတ်ပဲတန်ချိန် ၁.၅ သိန်း၊ ပဲတီစိမ်းတန်ချိန် ၁.၅ သိန်းနှင့် ပဲလုံးတန်ချိန် ၁.၅ သိန်း တို့ကို ၃၁.၃.၂၀၂၀ နေ့နောက်ဆုံးထား၍ အိန္ဒိယနိုင်ငံရှိဆိပ်ကမ်းများသို့အရောက် ခွဲတမ်းစနစ်ဖြင့် တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ၂၉.၃.၂၀၁၉ နေ့တွင် အမိန့်ကြော်ငြာစာအမှတ် No. S.O. 1478 – 1481(E) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါဝန်ကြီးဌာနရှိ ပြည်ပကုန်သွယ်ရေး ညွှန်ကြားမှု

ဦးစီးဌာနသည် ၁၂.၆.၂၀၁၉ နေ့တွင် ပဲမျိုးစုံတင်သွင်းခွင့်ရရှိသည့် ကုမ္ပဏီများ စာရင်း ကို ထုတ်ပြန်ပေးခဲ့ပြီး ပဲတင်သွင်းရမည့် ကာလသတ်မှတ်ချက်ကိုလည်း ၃၁.၁၀.၂၀၁၉ နေ့ နောက်ဆုံးထား၍ အိန္ဒိယနိုင်ငံဆိပ်ကမ်းသို့အရောက်တင်သွင်းကြရမည် ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်လိုက်ပါသည်။ သို့ရာတွင် အဆိုပါသတ်မှတ်ကာလအတွင်း လိုအပ်သော ပဲတန်ချိန် ပြည့်မီအောင် တင်သွင်းနိုင်မှုမရှိသဖြင့် ကုန်သည်များ၏တောင်းဆိုမှုအရ အိန္ဒိယအစိုးရသည် ၅.၁၁.၂၀၁၉ နေ့တွင် ကြေညာချက်ထပ်မံ ထုတ်ပြန်လျက် ပဲစင်းငုံတစ်မျိုးတည်းကိုသာ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းခွင့်ပြုခဲ့သည်။
Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့

## အိန္ဒိယနိုင်ငံ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပဲစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ

အိန္ဒိယနိုင်ငံ၏ ၁ နှစ်တာကာလ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုတွင် မိုးရာသီကာလ စိုက်ပျိုးမှုမှာ ၄၀% ခန့်ပါဝင်လျက်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပဲမျိုးစုံထွက်ရှိမှုမှာ မိုးသီးနှံ၌ တန်ချိန် ၈.၅၉ သန်း နှင့် ဆောင်းသီးနှံတွင် တန်ချိန် ၁၄.၈ သန်း၊ စုစုပေါင်း တန်ချိန် ၂၃.၄ သန်းခန့်ရှိ ကြောင်း တွေ့ရှိရသည်။ အိန္ဒိယ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများဖူလုံရေး ဝန်ကြီးဌာနမှ ၂၇.၉.၂၀၁၉ နေ့ထုတ်ပြန်သည့် စာရင်းများအရ ၂၀၁၉ ခုနှစ် မုတ်သုံရာသီကာလတွင် ပဲမျိုးစုံစိုက်ပျိုးပြီးစီးမှုမှာ ဟက်တာ ၁၃၄.၀၂ သိန်းရှိပြီး ပုံမှန်စိုက်ပျိုးဧရိယာထက် ဟက်တာ ၁၄.၁၃ သိန်းခန့်ပိုမိုခဲ့သည်။ မိုးရာသီ၌ ပဲ ၄ မျိုးအား အဓိက စိုက်ပျိုးရာတွင် Kulthi (Horse Gram) ပဲ အမျိုးအစား၏ စိုက်ဧကလျော့နည်းခဲ့ပြီး ကျန်ပဲသုံးမျိုးဖြစ်သည့် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်း တို့အား ပုံမှန်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်းတွေ့ရှိရသည်။

သို့ရာတွင် ၂၀၁၉ ခုနှစ် မိုးလယ်နှင့် မိုးနှောင်းကာလတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးနစ်မြုပ်မှုများကြောင့် ပြည်နယ် (၁၅) ခု၌ သီးနှံစိုက်ခင်း ဟက်တာ ၆၄ သိန်းခန့် ထိခိုက်ပျက်စီးခဲ့ရာ မတ်ပဲစိုက်ဧကများစွာပါဝင်ပြီး အထွက်နှုန်းကို သိသာစွာလျော့ကျစေခဲ့သည်။ ပဲမျိုးစုံအဓိကစိုက်ပျိုးသည့် ပြည်နယ် ၄ ခုတွင် စိုက်ခင်းဧရိယာ ဟက်တာ ၄၇ သိန်း ထိခိုက်မှုရှိပြီး သတင်းဌာနများ၏ဖော်ပြချက်အရ မိုးရာသီပဲမျိုးစုံစိုက်ပျိုးမှု စုစုပေါင်းဧရိယာအနက် ဟက်တာ ၁၁ သိန်းခန့် ထိခိုက် ပျက်စီးခဲ့ကြောင်းသိရှိရသည်။ အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ၂၀၁၉ ခုနှစ် မိုးသီးနှံစိုက်ပျိုးထွက်ရှိနိုင်မည့် ကနဦးကြိုတင် ခန့်မှန်းချက်ကို ၂၃.၉.၂၀၁၉ နေ့တွင်ထုတ်ပြန်ခဲ့ရာ ပဲမျိုးစုံထွက်ရှိနိုင်မှုမှာ တန်ချိန် ၈.၂၃ သန်း ရှိပြီး ယခင်နှစ်ထုတ်လုပ်မှုအောက် ၄.၁၉% ခန့်လျော့နည်းမည်ဖြစ်ပါသည်။ မိုးရာသီ ပဲမျိုးစုံစိုက်ပျိုးမှုတွင် ပဲစင်းငုံတန်ချိန် ၃.၅၄ သန်း၊ မတ်ပဲတန်ချိန် ၂.၄၃ သန်းနှင့် ပဲတီစိမ်းတန်ချိန် ၁.၄၂ သန်းခန့် ထွက်ရှိမည်ဟုခန့်မှန်းထားပြီး အိန္ဒိယနိုင်ငံ အလယ်ပိုင်းနှင့်အနောက်ပိုင်းဒေသများတွင် စိုက်ခင်းများရေနစ်မြုပ်မှုကြောင့် မတ်ပဲထုတ်လုပ်မှုသည် ယခင်နှစ်အောက် ၅.၀၇% ခန့် လျော့ကျဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။ ကုန်သည်အသိုင်းအဝိုင်းကမူ မတ်ပဲမိုးသီးနှံစိုက်ပျိုးမှုမှာ ယခင်နှစ်အောက် အထွက်နှုန်း ၂၀% ခန့်အထိ လျော့ကျဖွယ်ရှိကြောင်း ခန့်မှန်းထားပါသည်။

အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ ၃၁.၁.၂၀၂၀ နေ့ ထုတ်ပြန်သည့် ဆောင်းသီးနှံ စိုက်ပျိုး ပြီးစီးမှု စာရင်းဖော်ပြချက်အရ ၎င်းနေ့ရက်အထိ ဆောင်းသီးနှံ ပဲမျိုးစုံ ဟက်တာ ၁၆၁.၁၇ သိန်း စိုက်ပျိုးထားရှိပြီး ပုံမှန်စိုက်ပျိုးဧရိယာထက် ဟက်တာ ၁၅.၁၇ သိန်းခန့်ပိုမိုခဲ့သည်။ ဆောင်းရာသီ ၌ ပဲ ၇ မျိုးအား အဓိကစိုက်ပျိုးရာတွင် ကုလားပဲ၊ ပဲနီလေး၊ စားတော်ပဲစိမ်းနှင့် Kulthi ပဲတို့ကို ပိုမို စိုက်ပျိုးနိုင်ခဲ့သော်လည်း မတ်ပဲနှင့် ပဲတီစိမ်း စိုက်ပျိုးမှုမှာ ပုံမှန်ထက် ဟက်တာ ၀.၉၈ သိန်းနှင့် ၃.၉၁ သိန်း အသီးသီး လျော့နည်းခဲ့ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ အိန္ဒိယအစိုးရသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာ နှစ်အတွက် မတ်ပဲတင်သွင်းခွင့် ခွဲတမ်းသတ်မှတ်ချက်ကို မူလက တန်ချိန် ၁.၅ သိန်း သတ်မှတ်ထားရာမှ နောက်ထပ်တန်ချိန် ၂.၅ သိန်းကို တိုးမြှင့်တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်းနှင့် အဆိုပါ ထပ်တိုးမတ်ပဲ တင်သွင်းခွင့်ရရှိသည့်ကုမ္ပဏီများသည် အိန္ဒိယဆိပ်ကမ်းသို့ ၃၁.၃.၂၀၂၀ နေ့ အရောက်တင်သွင်းရမည် ဖြစ်ကြောင်းဖြင့် ၁၉.၁၂.၂၀၁၉ နေ့တွင် ကုန်သွယ်ရေးအသိပေးချက် Trade Notice No. 43/2019-2020 ကို ထုတ်ပြန်ခဲ့ပါသည်။
Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့

## ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုက အိန္ဒိယ၏ပြည်ပပို့ကုန်အချို့ကို ဝယ်လိုအား မြင့်တက်လာစေဖွယ်ရာရှိခြင်း

တရုတ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုဖြစ်ပေါ်လျက် ၎င်း၏ပြည်ပကုန်သွယ်ရောင်းဝယ်မှုများ နှေးကွေးလာခြင်းက အိန္ဒိယ၏ ပို့ကုန်လုပ်ငန်းအချို့အပေါ် ဝယ်လိုအားမြင့်တက်မှုကို ဖြစ်ပေါ်လာစေဖွယ်ရာရှိပါသည်။ ဇန်နဝါရီလနောက်ဆုံးရက်သတ္တပတ်ကာလမှစ၍ အိန္ဒိယနိုင်ငံရှိ ကုန်ထုတ်လုပ်ငန်းများ၊ ပြည်ပပို့ကုန်လုပ်ငန်းများသည် အမေရိကန်နှင့် ဥရောပသမဂ္ဂနိုင်ငံများရှိ သွင်းကုန်လုပ်ငန်းများထံမှ ကြွေထည်မြေထည်ပစ္စည်းများ၊ အိမ်သုံးကုန်စည်များ၊ ဖက်ရှင်နှင့် ဝတ်စားဆင်ယင်မှုပစ္စည်းများ၊ အထည်အလိပ်များ၊ အင်ဂျင်နီယာလုပ်ငန်းသုံးကုန်စည်များနှင့် ပရိဘောဂထုတ်ကုန်များ ဝယ်ယူရရှိနိုင်မည့်အခြေအနေအားမေးမြန်းမှု ပိုမိုများပြားလာခဲ့ကြောင်း၊ တစ်ပတ်တာကာလအတွင်း ပြည်ပရှိကုမ္ပဏီလုပ်ငန်းအသစ် ၅၀ ကျော်ထံမှ အဆိုပါကုန်ပစ္စည်းများဝယ်ယူလိုကြောင်း အမှာစာများကိုလက်ခံရရှိခဲ့ကြောင်းဖြင့် အိန္ဒိယလက်မှုလုပ်ငန်းပစ္စည်းများ ပို့ကုန်မြှင့်တင်ရေးကောင်စီမှ ညွှန်ကြားရေးမှူးချုပ် Mr. Rakesh Kumar က ပြောဆိုပါသည်။ အလားတူ စပိန်နိုင်ငံ၌ ကျင်းပလျက်ရှိသော ကြွေထည်မြေထည်ပစ္စည်းပြပွဲတွင် အိန္ဒိယ ကုမ္ပဏီ ၅၅ ခုက ပါဝင်ခင်းကျင်းပြသလျက်ရှိရာ ဒေသခံကုန်သည်လုပ်ငန်းရှင်များ၏ ဝယ်ယူရန်စိတ်ဝင်စားမှုကိုရရှိခဲ့ကြောင်း၊ အထူးသဖြင့် တရုတ်နိုင်ငံမှထုတ်ကုန်များနှင့် ယှဉ်ပြိုင်ရောင်းချနေရသည့် ကြွေပြားများအား တိုးမြှင့်တင်ပို့နိုင်မည့်အလားအလာများရှိကြောင်းဖြင့် နယူးဒေလီမြို့ခံ ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားကြောင်း Economic Times သတင်းဌာနကဖော်ပြပါသည်။

တန်ဖိုးအားဖြင့် ရူပီးငွေ သန်း ၈၀၀ ကျော်ရှိသည့် အထည်အလိပ်ပစ္စည်းများအား လစဉ် ပြည်ပသို့ တင်ပို့လျက်ရှိသော Technocraft Industries (India) လီမိတက်၏ ဥက္ကဋ္ဌ Mr. Sharad Kumar Saraf က ၎င်းတို့ကုမ္ပဏီအနေဖြင့် အမေရိကန်နှင့် ဥရောပသမဂ္ဂနိုင်ငံများရှိ ကုန်သည် များထံမှ အထည်ချုပ်ပို့ကုန် ရူပီးငွေ သန်း ၁၀၀ ကျော်ဖိုး မှာယူလိုကြောင်း စုံစမ်းမေးမြန်းမှုများကို လက်ခံရရှိခဲ့ကြောင်း၊ သို့ရာတွင် အိန္ဒိယအထည်ချုပ်လုပ်ငန်းများ၏ ကုန်ထုတ်စွမ်းအားမှာ ကန့်သတ်ချက်များရှိနေပြီး ထုတ်လုပ်မှုမြှင့်တင်ရန်အတွက် ကျွမ်းကျင်မှုအရည်အသွေး လိုအပ်ချက်ရှိကြောင်း၊ လက်ရှိကုန်ထုတ်လုပ်နိုင်မှုအပေါ် ၂၅% ပိုမိုမြှင့်တင်နိုင်ရန်မှာ ၆ လတာခန့် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောဆိုပါသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုမှ သက်ရောက်မှုအဖြစ် အိန္ဒိယပို့ကုန်အချို့၏ ဝယ်လိုအားမြင့်တက်လာနိုင်ချေရှိသော်လည်း ဖိနပ်အောက်ခံပြားများနှင့် အဆင်တန်ဆာပစ္စည်းများကဲ့သို့သော အစိတ်အပိုင်းများအား တရုတ်နိုင်ငံအပေါ် မှီခိုအားထားနေရသည့် အိန္ဒိယပြည်တွင်းရှိ ဖိနပ်နှင့်သားရေထည်ပို့ကုန်လုပ်ငန်းများမှာမူ သွင်းအားစုကွင်းဆက် (Supply chain) ပုံပျက်ယွင်းမည့်အခြေအနေနှင့်ရင်ဆိုင်နေရပါသည်။ အိန္ဒိယပို့ကုန်လုပ်ငန်းအဖွဲ့အစည်းများ အသင်းချုပ်ကမူ ဓာတုထုတ်ကုန်များ၊ အင်ဂျင်နီယာလုပ်ငန်းသုံးပစ္စည်းများနှင့် ရေထွက်ပို့ကုန်ဆိုင်ရာလုပ်ငန်းများ၌ ပိုမိုအကျိုးဖြစ်ထွန်းလာရန် မျှော်မှန်းလျက်ရှိကြောင်းသိရှိရသည်။

**Source: Coronavirus effect: Global buyers turn to India for textiles, ceramics and homeware, 8 Feb 2020, Economic Times**

စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့

## အစိုးရ၏အထောက်အပံ့ရယူတင်ပို့သည့် အိန္ဒိယကုန်စည်များအပေါ် အမေရိကန်က စိစစ်စုံစမ်းမှုများဆောင်ရွက်မည်

အမေရိကန်နိုင်ငံသည် ပြည်တွင်းရှိလုပ်ငန်းရှင်များအား အကာအကွယ်ပေးရန်အတွက် နိုင်ငံအတွင်းသို့တင်သွင်းသောကုန်စည်များအား သက်ဆိုင်ရာထုတ်လုပ်တင်ပို့သည့်နိုင်ငံ၌ အစိုးရထံမှ ပို့ကုန်အထောက်အပံ့များ ရယူခြင်းရှိမရှိကို စုံစမ်းစိစစ်၍ တန်ပြန်အကောက်ခွန်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပို့ကုန်များအပေါ် ထိုသို့စိစစ်မှုမှ ကင်းလွတ်ခွင့်ပြုထားပါသည်။ သို့ရာတွင် ၁၀.၂.၂၀၂၀ နေ့၌ အမေရိကန်နိုင်ငံအစိုးရသည် အိန္ဒိယနိုင်ငံ အပါ အဝင် အချို့သောနိုင်ငံများကို အဆိုပါကင်းလွတ်ခွင့်ပြုထားသည့် စာရင်းမှ ဖယ်ရှားခဲ့ပါသည်။ အိန္ဒိယနိုင်ငံသည် G-20 အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လျက်ရှိပြီး ကမ္ဘာ့ကုန်သွယ်မှုတွင် ပါဝင် သည့်အချိုးအစားမှာလည်း ၀.၅% ထက်ကျော်လွန်လျက်ရှိသဖြင့် အမေရိကန်နိုင်ငံ၏ တန်ပြန်အကောက်ခွန်ဥပဒေ (countervailing duty law) အရ သက်ဆိုင်ရာအစိုးရထံမှ ပို့ကုန်ဆိုင်ရာ အထောက်အပံ့များရယူခြင်းရှိ/မရှိ စုံစမ်းစိစစ်ခြင်းမှ ကင်းလွတ်ခွင့်ရရှိမည့် ဖွံ့ဖြိုးဆဲနှင့်ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းကို အမေရိကန်ပြည်ထောင်စု

ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး (USTR) က အသစ်ပြန်လည်ထုတ်ပြန်ရာတွင် ပါဝင်ခြင်း မရှိတော့ကြောင်းသိရှိရသည်။

အိန္ဒိယနိုင်ငံ၏ ၂၀၁၈ ခုနှစ်၌ ကမ္ဘာ့ကုန်သွယ်မှုတွင် ပါဝင်မှုအခြေအနေမှာ ပို့ကုန်၌ ၁.၆၇% နှင့် သွင်းကုန်၌ ၂.၅၇% ရှိခဲ့ရာ အမေရိကန်နိုင်ငံက ၎င်း၏စံနှုန်းအရ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ USTR ၏ ထုတ်ပြန်ချက်၌ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ စာရင်းအား ယခုကဲ့သို့ပြန်လည်ပြင်ဆင်ရာတွင် လူတစ်ဦးကျအမျိုးသားဝင်ငွေ (Per capita GNI)၊ ကမ္ဘာ့ကုန်သွယ်ရေး၌ ပါဝင်မှုရာခိုင်နှုန်းနှင့် နိုင်ငံအလိုက်စီးပွားရေးအင်အားအရ ဖွဲ့စည်းထား သည့် OECD, EU, G20 စသည့် နိုင်ငံတကာအဖွဲ့အစည်းများတွင်ပါဝင်မှု အချက်အလက်များအပေါ်အခြေပြု၍ သတ်မှတ်ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။ အိန္ဒိယနိုင်ငံနည်းတူ အာရှ အရှေ့ပိုင်းမှ တရုတ်၊ ဟောင်ကောင်၊ တောင်ကိုရီးယားနှင့် အာဆီယံဒေသတွင်းမှ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ် တို့အပါအဝင် နိုင်ငံပေါင်း ၂၄ နိုင်ငံမှာ အဆိုပါစာရင်း၌ ပြန်လည် ပါဝင်လာခြင်းမရှိကြောင်း တွေ့ရှိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အိန္ဒိယ၏ အဓိက ကုန်သွယ်ဖက်နိုင်ငံများအနက် အမေရိကန် နိုင်ငံသည် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၈၇၄၂.၁၀)ဘီလီယံ (၉၅၅.%) ဖြင့် ပထမနေရာ ၌ ရပ်တည်နေခဲ့ပြီး အိန္ဒိယအနေဖြင့် ၎င်းနှစ်ကာလတွင် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှုပိုငွေ ဒေါ်လာ ၁၆ ဘီလီယံ ရရှိခဲ့သည်။ ၈၅၆.USTR ၏ စာရင်းများအရ ၂၀၁၈ ခုနှစ်အတွင်း အမေရိ ကန်နိုင်ငံမှ တင်သွင်းခဲ့သော အိန္ဒိယ၏ပို့ကုန်များအနက် GSP အခွင့်အရေးရရှိခဲ့သော ပမာဏ မှာ ဒေါ်လာ ၆ ီလီယံခန့်ရှိခဲ့သည်။.

အမေရိကန်နိုင်ငံသမ္မတ ဒေါ်နယ်ထရန့်သည် ဖေဖော်ဝါရီ ၂၄-၂၅ ရက်နေ့များတွင် အိန္ဒိယနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း သမ္မတအိမ်ဖြူတော်မှ သတင်းထုတ်ပြန်ထားပြီး ၎င်းခရီးစဉ် မတိုင်မီ နှစ်နိုင်ငံအကြား ဆွေးနွေး လျက်ရှိသည့် ကုန်သွယ်ရေးသဘောတူညီချက် တစ်ရပ်ကို အပြီးသတ်ညှိနှိုင်းရန်အတွက် အမေရိကန်ကုန်သွယ်ရေးဝန်ကြီး Mr. Robert Lighthizer သည် အိန္ဒိယနိုင်ငံသို့ ဦးစွာလာရောက်ဖွယ်ရှိပါသည်။ သို့ရာတွင် ယခုကဲ့သို့ ဖွံ့ဖြိုးမှုအဆင့် တိုးမြှင့်သတ်မှတ်ခံရခြင်းက အမေရိကန်နိုင်ငံသို့တင်ပို့လျက်ရှိသော ကုန်စည်များအတွက် အိန္ဒိယအစိုးရမှ အထောက်အပံ့များပေးအပ်ခြင်းကို အတားအဆီးဖြစ်စေသကဲ့သို့ ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် အမေရိကန်အစိုးရက GSP အထူးအခွင့်အရေး ပေးအပ်ထားမှုမှ ရုတ်သိမ်းခဲ့သော အိန္ဒိယပို့ကုန် များအတွက် GSP အခွင့်အရေး ပြန်လည်တောင်းဆိုရန် မျှော်လင့်ချက်ကိုလည်း မှေးမှိန်စေခဲ့ပြီ ဖြစ်ပါသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Piyush Goyal က ၎င်းတို့အနေဖြင့် GSP ကဲ့သို့ အခြား နိုင်ငံမှပေးအပ်သော အထောက်အပံ့များမလိုအပ်ကြောင်း ပြောကြားသော်လည်း ပြည်တွင်းရှိ ကုန်သည်လုပ်ငန်းရှင်များကမူ ထုတ်လုပ်မှုစရိတ်သက်သာစွာဖြင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်သည့်ပြိုင်ဘက်များ ဈေးကွက်သို့ဝင်ရောက်မှု ပိုမိုမြင့်မားလာခြင်းကြောင့် အိန္ဒိယ၏ပို့ကုန်လုပ်ငန်းကဏ္ဍမှာ ဖိအားများအောက်၌ ရုန်းကန်နေရဦးမည်ဖြစ်ကြောင်း ပြောဆိုလျက်ရှိကြပါသည်။

**Source: 1. India out of US' developing nations list for trade benefits, 12 Feb 2020, Economic Times**

**2. US declares India as a Developed Nation, 13 Feb 2020,** www.trak.in

စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့

## Thura News Views

**Government to introduce corporate governance guidelines**

The Myanmar government will soon introduce new guidelines for corporate governance. Speaking to state media, U Aung Naing Oo, Permanent Secretary of the Ministry of Investment and Foreign Economic Relations, said the new regulations would be published in April. They will apply to Myanmar's 250 publiclytraded companies, including the six companies listed on the Yangon Stock Ex-change, and they will cover four areas: internal control system, audit committee, independent directors and disclosure. The regulations will be derived from the 2013 Securities and Exchange Law and the 2017 Companies Law.

"With this notification, Myanmar's capital markets will boost investor confidence and increase economic

efficiencies. We will continue to strive to improve corporate governance and contribute to the further development of capital markets in the country," U Aung Naing Oo said.

Myanmar's reputation for poor corporate practice has driven away potential foreign investors. In the International Finance Corporation's 2018 Myanmar Corporate Governance Scorecard, Myanmar firms scored on average 30 per-cent, well under the overall ASEAN average of 69 percent. The regulations could be an important step in closing the gap.

**Coronavirus infects border trade**

China is restricting travel in an attempt to curb the novel coronavirus outbreak, and the measures have dented cross-border trade with Myanmar. U Min Thein, Vice Chairman of the Muse Rice Wholesale Center, told The Irrawaddy that "95 percent of business activity has halted" in the border town of Muse, Myanmar's busiest land trade hub with China. "Rice exports to China have stopped completely. We had to let all the workers go back home," he continued.

China is the biggest buyer of Myanmar agricultural goods, especially rice, corn, watermelons and seafood. New travel restrictions designed to slow the spread of the novel coronavirus (the death toll of which recently passed 1,100) have interrupted supply chains throughout the country. The economic impact is being felt throughout Myanmar. The Irrawaddy reported that in Ayeyarwady Region, over 200 crab farms have temporarily closed, leaving 30,000 people without work.

Tourism, as well, has taken a major hit since the start of the outbreak in early January, with hundreds of flights from China cancelled. The Ministry of Hotels and Tourism also recently suspended a successful visa-on-arrival scheme for Chinese tourists. Border trade in Muse also stalled last August following renewed fighting in Shan State between the Myanmar army and the Northern Alliance of ethnic armed groups.

**Facebook suspends Myanmar accounts spreading fake news**

Facebook announced that it has removed a network of bogus accounts and pages. It banned 13 accounts and 10 pages that had ties to Mytel, Myanmar's fourth telecom provider that launched in 2018, and its foreign stakeholder, Vietnamese telecom Viettel. Facebook said the accounts and pages had posed as "independent telecom consumer news hubs" to spread misinformation about rival telecoms. Apparently, USD 1,155,000 had been spent in ads to promote the scheme, and roughly 265,600 accounts had followed the pages, according to data reported by Engadget. Facebook said it also removed networks of fake accounts in the United States and Ukraine.

Facebook dominates not only Myanmar's social media market, but its online news market as well, with many Myanmar people receiving news and information mainly through articles and posts circulated on the service. Some critics fear this Facebook-dependency, coupled with low media literacy, makes Myanmar especially vulnerable to fake news campaigns. The service has mass-removed accounts several times in recent years, including accounts tied to military officials accused of spreading hate speech. In August, Facebook took down 107 pages and 15 groups it de-termined were "engaging in coordinated inauthentic behavior."

Earlier this month, U Myint Naing, a member of the Union Election Commission, said steps are being taken to pro-tect the upcoming election from Facebook fakery. "There are plans to form a group that will monitor words being said on Facebook, to remove words that will impede or harm the election, and to delete words that can

be classified as hate speech," Eleven Media Group quoted him as saying.

**Malaysian company announces USD 750 million development in Yangon**

A major Malaysian developer has announced plans to build a roughly USD 750 million mixed-use project in Yangon. Malaysian conglomerate Berjaya Land Berhad, or BLand, operating in Myanmar as BDS Smart City Co. Ltd, signed a lease for 74 hectares in Dagon Seikkan Township, worth USD 746 million. The site will eventually host affordable and high-end housing and commercial space, as well as schools, hospitals and other community services, the company said. Yangon Chief Minister U Phyo Min Thein told state media that the endeavor will be the first affordable housing project backed by foreign investment. He said the government would own 240,000 square meters on the compound, which will be completed in three phases over nine years.

The complex is the second major, foreign-backed development in Yangon announced this month. Recently, Thai developer Amata Corp announced plans for a USD 1 billion commercial site. The "Yangon Amata Smart and Eco City" will be located on the outskirts of Yangon and include manufacturing facilities, housing and a 600 megawatt power plant.

U Phyo Min Thein said the company won the rights to the site from a pool of three competitors. The complex will be merely the latest in a series of new, international-standard mixed-use developments in Yangon. In-deed, some analysts have suggested Yangon may be in a development bubble. While BLand is one of Malaysia's premiere developers, smaller prospectors have been known to break ground on a project without sufficient funding, hoping to sell units to fill the funding gaps. Thus, Yangon is rapidly becoming riddled with new or half-finished mixed-use towers. Whether or not the market can support these developments remains to be seen.

**Source: Thura Swiss News (Issue 403 February 13, 2020 )**

## STOCK EXCHANGE (14.2.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 14th Feb. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | -500 | -4.35% | 11,500 | 11,500 | 11,000 | 1,400 | 15,907,500 | 27,112,747 | 298,240 |
| MTSH | 00002 | 4,000 | +50 | +1.27% | 3,950 | 4,000 | 3,950 | 2,223 | 8,791,000 | 38,929,150 | 155,717 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,500 | 0 | 0 | 2,472,053 | 55,621 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 5 | 14,500 | 12,823,224 | 37,187 |

## Market summary

As of 14th Feb. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 461.58 | -8.48 | -1.80% | 470.06 | 471.48 | 460.16 | 3,628 | 24,713,000 | 5 | 632,053 |

### Index chart




# Market Overview

As of 1:00 pm, 14th Feb. 2020

| MYANPIX | 461.58 ▼ 8.48 |
|---|---|
| Total Volume (shares) | 3,628 |
| Total Value (MMK) | 25 mil |
| Listed Company | 5 |
| Market Cap. (MMK) | 632,053 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▼ 500 |
| MTSH | 00002 | 4,000 | ▲ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |